မှော်ကွူးကျေးရွာ
မော်လိုက်မြို့နယ်

ကျေးရွာပို့ဖြိုးရေးစီမံချက် (၂၀၁၉-၂၀၂၃)

ပြုစုရေးဆွဲသူ

ကျေးရွာပို့ဖြိုးရေးကော်မတီ

မှော်ကွူးကျေးရွာ ၊ မော်လိုက်မြို့နယ်

(မော်လိုက်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှကူညီရေးဆွဲသည်)

၂၀၁၉ ခုနှစ် ၊ မတ်လ

Scanned by CamScanner

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်မှ ၂၀၂၂-၂၀၂၃ ခု၊ ဘဏ္ဍာရေးနှစ်အထိ (၅)နှစ်ကြာအကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသောကျေးရွာသူ၊ကျေးရွာသားများပူးပေါင်းရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ဖြစ်ပါသည်။ ကနဦးအနေဖြင့်စီမံချက်ဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာန၊မိမိတို့ကျေးရွာအား ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဆောင်ရွက်နိုင်ရန် ပူးပေါင်းညှိနှိုင်းရွေးချယ်ပေးခဲ့ကြပါသော လွတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့် ကော်မတီဝင်များအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ ကျေးရွာနှင့်သက်ဆိုင်သည့်ဒေသန္တရအရေးကြီးအချက်အလက်များနှင့်အကြံဉာဏ်များကိုတက်ကြွစွာကူညီပံ့ပိုးပေးကြပါသော ကျေးရွာအုပ်စု၊ အုပ်ချုပ်ရေးမှူးနှင့်သက်ဆိုင်ရာဝန်ထမ်းများကိုလည်းကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို အစီအစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများစုနစ်တကျပူးပေါင်းပါဝင်ဆောင်ရွက်သည့်နည်းလမ်းများနှင့်လုပ်ထုံးလုပ်နည်းများကို မသိရှိခဲ့ပါ လူထုကိုယ်တိုင်စနစ်တကျပူးပေါင်းဆောင်ရွက်သည့်နည်းကိုအသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ဆွေးနွေး ညှိနှိုင်းအဖြေရှာကြသည့် နည်းလမ်းအတွက် ကူညီပံ့ပိုးပေးမည့် အစီအစဉ်ရေးဆွဲရေးကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှဦးဆောင်၍ သင်တန်းပို့ချစီဉ် ဆောင်ရွက်ပေးခဲ့ပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်း၊သတင်းအချက်အလက်တို့၏ အရေးပါမှုကိုသိရှိရုံသာမက လိုအပ်သော အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုကို မြို့နယ်ဌာနဆိုင်ရာများ၏ အကူအညီရယူရန်လိုအပ်ကြောင်းလည်းကိုလည်း ကောင်းစွာသိရှိရပါသည်။

ဤအစီအစဉ်တွင် ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့်ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများအား အဓိကဖော်ပြထားပြီး စီမံကိန်းဆိုင်ရာအချက်အလက်အကြောင်းအရာများအဆိုပြု စီမံကိန်းလုပ်ငန်းများ၏ အသေးစိတ်အချက်အလက်များပါဝင်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
မှော်ကူးကျေးရွာအုပ်စု၊မှော်ကူးကျေးရွာ
မော်လိုက်မြို့နယ်

၂၀၁၉ခုနှစ် မတ်လ (၃၀)ရက်

Scanned by CamScanner

မော်ကူးကျေးရွာအုပ်စု၊မော်ကူးကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းမှတ်တမ်း

နိဒါန်း

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ ၊ပြည်တွင်းပြည်ပအဖွဲ့အစည်းများ၏နိုင်ငံအတွင်း ဆောင်ရွက်ခဲ့ပြီးသော အတွေ့အကြုံများကိုလေ့လာသုံးသပ်ပြီး တစ်နိုင်လုံးကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်မည့် အစီအစဉ်ဖြစ်ကြောင်းသိရှိရပါသည်။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို ကျေးရွာလူထုကိုယ်တိုင်တက်ကြွစွာပါဝင်၍ ရေးဆွဲပြီးနောက် ကျေးရွာ၏ဖွံ့ဖြိုးရေးဆိုင်ရာ ကိန်းဂဏန်း၊သတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံကို အလေးထားမိသည့်အပြင် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများစသည်တို့ထံမှလိုအပ်သောကိန်းဂဏန်း၊သတင်းအချက်အလက်များရယူရန်နှင့် ဖွံ့ဖြိုးရေးစီမံကိန်း အကောင်အထည်ဖော်ရန်လိုအပ်သောနည်းပညာများရယူရန် အရေးကြီးကြောင်းကိုပါသတိပြုမိပါသည်။

ဤအစီအစဉ်တွင်ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့်ဖွံ့ဖြိုးရေးအခြေအနေများ၊ကြုံတွေ့နေရသောပြဿနာများ၊ပြဿနာဖြစ်သည့်အကြောင်းရင်းများ၊ဖွံ့ဖြိုးရေးကို အထောက်အပံ့ဖြစ်စေသောအချက်များနှင့်အဟန့်အတားဖြစ်စေသော အချက်များအပေါ်အခြေခံ၍(၅)နှစ်တာကာလအတွင်းဆောင်ရွက်လိုသည့်ရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ကျေးရွာအနေဖြင့်ဆောင်ရွက်မည့် စီမံချက်များကိုဖော်ထုတ်၍ အစိုးရဌာနများ၊အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊အရပ်ဘက်လူမှုရေးအဖွဲ့အစည်းများသတင်းနှင့်ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၊ သတင်းနှင့်ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၊တို့ကိုချိတ်ဆက်၍ဆောင်ရွက်ရမည်ကိုသိရှိနားလည်စေခဲ့ပါသည်။

ရည်ရွယ်ချက်

လူထုဦးဆောင်ပါဝင်သည့်လုပ်ငန်းစဉ်ဖြစ်သောကြောင့် ကိုယ်တိုင်ပါဝင်ခွင့်ရရှိပြီး အမြင်ရှင်းလင်းမှုရစေကာဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လုပ်ငန်းများကိုလူထုပါဝင်၍ စုစည်းခြင်း၊ဦးစားပေးရွေးချယ်ဆောင်ရွက်ခြင်းအားဖြင့်ကျေးရွာလူထု၏ဖွံ့ဖြိုးမှုတိတိကျကျပံ့ပိုးပေးရာရောက်ပါသည်။

စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

မော်ကူးကျေးရွာအုပ်စု၊မော်ကူးကျေးရွာ၏ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို အကောင်ထည်ဖော်ရာတွင် ပစ္စည်း အခက်အခဲ၊ ငွေကြေးအခက်အခဲ၊ နည်းပညာအခက်အခဲများရှိနိုင်၍ လက်တွေ့အကောင်အထည်ဖော် ရာတွင် ကျွန်ုပ်တို့ကျေးရွာ၏ ဖွံ့ဖြိုးရေးလိုအပ်ချက်များအား အများဆုံးနှင့် အထိရောက်ဆုံး ဖြည့်ဆည်းနိုင်မည့် စီမံကိန်းများကို ဦးစားပေးရွေးချယ်ဆောင်ရွက်ရပါမည်။ကျွန်ုပ်တို့စွမ်းရည်နှင့် လိုအပ်သော အရင်းအနှီးပြည့်စုံမှုအပေါ်မူတည်၍ နောင်တွင်တဖြည်းဖြည်း တိုးချဲ့ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

Scanned by CamScanner

မော်လိုက်ခရိုင်၊ မော်လိုက်မြို့နယ်၊ မှော်ကူးကျေးရွာ ကျေးရွာဖွဲ့ဖြိုးရေးစီမံကိန်းမှတ်တမ်း

ကျေးရွာ၏ တည်နေရာ၊ ပထဝီအနေအထားနှင့် သဘာဝအရင်းအမြစ်များ

စစ်ကိုင်းတိုင်းဒေသကြီး၊ မော်လိုက်ခရိုင်၊ မော်လိုက်မြို့နယ်၊ မှော်ကူးကျေးရွာသည် ချင်းတွင်းမြစ်ကမ်းဘေးအနောက်ဘက်တွင် တည်ရှိပါသည်။ ခရစ်နှစ်(၁၉၆၀)ခုနှစ်မတိုင်ခင်ကာလ နှစ်တို့တွင် မော်လိုက်မြို့နယ်၊ မှော်ကူးကျေးရွာသည် ရွာကြားလမ်းနှင့် စည်ကားသိုက်မြိုက်စွာ လမ်းအရှေ့အနောက်စုပေါင်းနေထိုင်ကြပြီး ချောင်းမြောက်နှင့်ချောင်းတောင်ဟူသော ရပ်ကွက်နှစ်ခု သာရှိပါသည်။ရေကြီးရေလျှံခြင်းတို့ကြောင့် ကမ်းပါးပြိုခြင်း၊ မြစ်ရေတိုက်စားခြင်းတို့ကြောင့် လူနေအိမ်ဝန်းများ ပျက်စီးဆုံးရှုံးသွားသည်ဖြစ်၍ လယ်ယာချောင်းမြောင်းတို့တွင် ရွှေ့ပြောင်းနေထိုင်ကြရာမှ ယခုအခါ သရက်ပင်ချောင်ရပ်ကွက်ဖြစ်ပေါ်လာပြီး(၁၉၇၅)(၁၉၇၆)ခုနှစ်တို့တွင်လည်း အလားတူ ကမ်းပါးပြိုမှုပြဿနာကြောင့် လယ်ယာ၊ ချောင်းမြောင်းတို့တွင် သွားရောက်နေထိုင်ကြရာမှမှော်ကူးချောင်ရပ်ကွက်တို့ဖြစ်ပေါ်ခဲ့ပါသည်။ မော်လိုက်မြို့နယ်၊ မှော်ကူးကျေးရွာသည် မြစ်ရေတိုက်စားမှုကြောင့် မိမိတို့နီးစပ်ရာ လယ်ယာတို့တွင် နေထိုင်ကြရာမှ ရပ်ကွက်အသီးသီးတို့ဖြင့် နေထိုင်ကြပါသည်။

မှော်ကူးကျေးရွာသည် ချင်းတွင်းမြစ်ရေလမ်းခရီးဖြင့် မော်လိုက်မြို့သို့ သွားလာပါက (၆)မိုင်ခန့်ကွာဝေးပြီးကုန်းလမ်းဖြင့်သွားလာပါက (၇)မိုင်ခွဲခန့်ဝေးကွာလှပါသည်။ မှော်ကူးကျေးရွာသည် မြစ်နားမှကားလမ်းပေါ်သို့ ရောက်ရန်(၁)မိုင်ကျော်ခန့်ရှိပြီး တော၊ တောင်များ၊ ချောင်းများကိုဖြတ်ကျော်ပြီး ဆင်းရဲပင်ပန်းစွာ သွားလာရပါသည်။ မြေပြန့်နည်းပါးလွန်းသဖြင့် တောင်များမှ စီးဆင်းရေကြောင့် ရေစားချောက်ရှိ၍ လမ်းပန်းဆက်သွယ်ရေးမှာ အလွန်ညံ့ဖျင်းလှပါသည်။ မှော်ကူးရွာ၏ ရေ၊ မြေ၊ တော၊ တောင် အနေအထားမှာ သင့်တင့်စွာရှိပါသည်။ သို့သော်မှော်ကူးရွာသည်ချောင်းနံဘေးနှင့် ချင်းတွင်းမြစ်ကမ်းတစ်လျှောက်တွင်ရှိသောကြောင့် နှစ်စဉ်နှစ်တိုင်း ရေကြီးရေလျှံဘေးမှကြုံတွေ့နေရပါသည်။ကမ်းပါးဘေးရှိနေအိမ်များ၊အိမ်သာ၊ မြေများ၊ ယာခင်းမြေများကို တိုက်စားဖျက်ဆီးနေပါသည်။

ကျေးရွာ၏ လူမှုဖွဲ့ဖြိုးတိုးတက်ရေးအခြေအနေ လူဦးရေဆိုင်ရာအချက်အလက်များ

မော်လိုက်ခရိုင်၊ မော်လိုက်မြို့နယ်၊ မှော်ကူးကျေးရွာတွင် နေထိုင်ကြသော လူဦးရေမှာ (၇၇၃)ဦးရှိပါသည်။အလုပ်လုပ်နိုင်သူဦးရေမှာ(၄၈၆)ဦးရှိပါသည်။ မှီခိုသူဦးရေမှာ(၂၄၁)ဦးရှိပါသည်။ မှော်ကူးကျေးရွာရှိ လူဦးရေမှာ တစ်အိမ်ထောင်လျှင် ပျမ်းမျှလူဦးရေ(၅)ဦးရှိပါသည်။

စီးပွားရေးအခြေအနေ ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့်မျှတမှု

မော်လိုက်ခရိုင်၊ မော်လိုက်မြို့နယ်၊ မှော်ကူးကျေးရွာ၏ အဓိကဝင်ငွေရလမ်းမှာ လယ်ယာလုပ်ငန်းဖြစ်ပါသည်။လယ်ယာလုပ်ငန်းမှ ဝင်ငွေရရှိမှုမှာ သင့်ရုံလောက်သာဖြစ်ပါသည်။ မှော်ကူးကျေးရွာ၏ ၄ ဥစ္စာဓနအခြေအနေမှာ အဆင်ပြေသောအိမ်ထောင်(၄၈)အိမ်စုနှင့် မပြေလည်သောအိမ်ထောင်စု(၁၀၈)စုကို တွေ့ရှိရပါသည်။မပြေလည်သော အိမ်ထောင်စုက ပိုများနေသောကြောင့် မှော်ကူးရွာ၏ ဥစ္စာဓနအဆင့်မှာ ပိုင်ဆိုင်မှုနည်းလှသည်ကို တွေ့ရပါသည်။

Scanned by CamScanner

ကဏ္ဍအသီးသီး လက်ရှိဖွံ့ဖြိုးမှုအခြေအနေ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံဆောင်ရွက်မှုစနစ်

မော်လိုက်မြို့နယ်၊ မှော်ကူးကျေးရွာဖွံ့ဖြိုးရေးဆိုင်ရာ စီမံဆောင်ရွက်ရာတွင် ကျေးရွာအခြေပြုအဖွဲ့အစည်းများသည် လမ်းတံတားများ တည်ဆောက်ခြင်းလုပ်ငန်းများ လုပ်ကိုင်ခြင်း ပြင်ဆင်လုပ်ကိုင်ခြင်း၊ ရွာပြင်ပအဖွဲ့အစည်းများမှ ချိတ်ဆက်၍လည်းကောင်း ငွေကြေးအကူအညီ ယူ၍လည်း သွားလာမှုလွယ်ကူစေရန် လုပ်ဆောင်ကြပါသည်။

စိုက်ပျိုးမွေးမြူရေးမဟုတ်သောအခြား အသက်မွေးမှုလုပ်ငန်းများ

မှော်ကူးကျေးရွာတွင် စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားအသက်မွေးလုပ်ငန်းများမှာ ပြင်ပအဖွဲ့အစည်းများမှ ငွေများချေးယူ၍ အရောင်းအဝယ်များလုပ်ကိုင်ခြင်း (၁)မိုင်ခန့်ဝေးကွာသော အရှေ့ဘက်ကင်းတပ်နှင့် မြစ်မှာ(၆)မိုင် ကုန်းလမ်း(၇)မိုင်ခွဲခန့်ဝေးကွာသောမြို့ရွာများသို့ ဟင်းသီးဟင်းရွက်ဈေးသယ်သွားရောက်ရောင်းချကြပါသည်။ အခြားအလုပ်သမားများမှာ ပန်းရံလုပ်ခြင်း၊ လက်သမားလုပ်ခြင်း၊ ရပ်ဝေးဒေသများ၊ ရွှေမျောလုပ်သား သွားရောက်လုပ်ကိုင်ကြခြင်း ကျောက်မီးသွေးကုမ္ပဏီများတွင် လုပ်သားလုပ်ကိုင်ခြင်းဖြင့် အသက်မွေးလုပ်ကိုင်ကြသည်ကို့တွေ့ရှိပါသည်။

ကျေးရွာဖွံ့ဖြိုးရေးနှင့်တိုးတက်မှုအတွက် အခြေအနေကောင်းနှင့်အဟန့်အတား

မှော်ကူးကျေးရွာသည် ရွာဝိုင်းဖြစ်ပြီး ရပ်ကွက်များဖြင့်တည်ရှိနေပါသည်။ ထိုရပ်ကွက်မှာသရက်ပင်ချောင်ရပ်ကွက်။ မှော်ကူးချောင်ရပ်ကွက်၊ ရွာတောင်ရပ်ကွက်၊ ကျော်ဒွန်းကြီးရပ်ကွက်၊ ကွမ်းချောင်ရပ်ကွက်၊ မြစ်နားမှ ချောင်းတောင်ဘက်ရပ်ကွက်နှင့် ချောင်းမြောက်ရပ်ကွက်ဟူ၍ ရပ်ကွက်(၇)ရပ်ကွက်နှင့် ဖွဲ့စည်းတည်ရှိနေသော ရွာလေးတစ်ရွာဖြစ်ပါသည်။ မှော်ကူးရွာ၏ မြောက်ဘက်တွင် တပ်ကုန်းရွာတည်ရှိပြီး အကွာဝေးမိုင်(၆)မိုင်ဖြစ်ပြီး ချောင်း၊ ချောက်များနှင့် မြေသားလမ်းဖြစ်သောကြောင့် သွားလာနိုင်ရန် ခက်ခဲလှပါသည်။ရွာ၏ တောင်ဘက်တွင် တွန်းပင်ရွာတည်ရှိပြီး အကွာဝေးမိုင်(၃)မိုင်ဖြစ်ပြီး သွားလာရန် အသင့်တင့်ကောင်းလှပါသည်။ အရှေ့ဘက်တွင် ချင်းတွင်းမြစ်ကာစီးထားသော ကင်းတပ်ရွာတည်ရှိပြီး မိုင်အကွာဝေး(၃)မိုင်ခန့် တည်ရှိ၍ အထက်တန်းကျောင်းရှိပြီး ပညာရေးကောင်းမွန်သော်လည်း ချောင်းရေနှင့် မြစ်ရေကြီးမှုတို့ကြောင့် ရာသီပြည့်ကျောင်းတက်နှုန်းမှာ အားနည်းသည်ကိုလည်းတွေ့ရပါသည်။ ချင်းတွင်းမြစ်နှင့် ရွာမှ ချောင်းကို နွေမိုးဆောင်း ဖြတ်ကျော်သွားလာနိုင်ရန် တံတားလိုအပ်နေပါသည်။

မှော်ကူးကျေးရွာနှင့် အထက်တန်းကျောင်းသည် မိုင်(၃)ခန့်သာရှိနေသော်လည်း ချင်းတွင်းမြစ်ရှိနေပါသဖြင့် ရွာသီမရွေးလွယ်ကူစွာ သွားလာနိုင်ရန်အတွက် ကြီးမားသော အဟန့်အတားတစ်ခုဖြစ်သာ တည်ရှိနေပါသည်။

ရွာ၏တောင်ဘက်တွင်ရပ်တွင် ဆေးပေးခန်းရှိ၍ အလွယ်တကူသွားလာနိုင်ရန်နှင့် ကားလမ်းနှင့်ချိတ်ဆက်သွားနိုင်ရန် (၁၃)မိုင်ခန့်ဝေးသော မြေသားလမ်းမှာ ဖြစ်ရေလွတ်ဖောက်လုပ်ရန်မှာလည်း ကြီးမားသော အဟန့်အတားမှုတစ်ခုဖြစ်ပါသည်။

လမ်းပန်းဆက်သွယ်မှုညံ့ဖျင်းနေ၍ ကျန်းမာရေး၊ လူမှုရေး၊ ကုန်ရောင်းကုန်ဝယ်များ အလွယ်တကူမသွားနိုင်ခြင်းကြောင့် ကုန်ဈေးနှုန်း၏ အဆမတန်မြင့်တက်နေမှုသည် လူထုအတွက် စားဝတ်နေရေး၊ လူမှုရေး၊ကျန်းမာရေးမှာ ထိခိုက်မှုရှိကြောင်း တွေ့ရှိရပါသည်။

Scanned by CamScanner

ပတ်ဝန်းကျင်နှင့်သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု

မှော်ကူးကျေးရွာသည် ချင်းတွင်းမြစ်၊ ချောင်းများရှိသော်လည်း မိုးရေနှင့် ချောက်များမှ ရေကို အသုံးပြုနေရပါသည်။ထိုသို့ မြစ်ချောင်းများရှိသော်လည်း လွယ်ကူစွာအသုံးမပြုနိုင်ခြင်းတို့ ကြောင့် မိုးရေလာမှသာ လယ်ယာလုပ်ငန်းကို ခက်ခက်ခဲခဲအသုံးပြုနေကြပါသည်။

ပညာရေး၊ ကျန်းမာရေးနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

မှော်ကူးကျေးရွာ၏ ပညာရေးအနေဖြင့် ကောင်းမွန်ပါသည်။ ပညာရေးလိုက်စားကြ၍ ဆယ်တန်းအောင်သူဦးရေ၊ ဘွဲ့ရသူဦးရေများနှစ်စဉ် အသင့်တင့်ရှိလှပါသည်။ ကျန်းမာရေးကဏ္ဍ အနေဖြင့် ထူးခြားစွာဖောက်ပြန်မှုမရှိပေ။ ကျန်းမာရေးအခြေအနေကောင်းသည်ဟု ဆိုနိုင်ပါသည်။ အချိန်ပေးနိုင်သူများလည်း ကျန်းမာရေးလိုက်စားသည်ကိုလည်း တွေ့ရပါသည်။ မှော်ကူးကျေးရွာသည် ရေရရှိမှုမှာ အသင့်တင့်ကောင်းမွန်ပါသည်။ ပတ်ဝန်းကျင်သန့်ရှင်းရေးအနေဖြင့် မိမိအိမ်အပြင်နီးစပ်ရာ ပတ်ဝန်းကျင်များကိုလည်း လိုက်လံရှင်းလင်းပေးကြပါသည်။ စာသင်ကျောင်း၊ ဘုန်းကြီးကျောင်းစသည့်နေရာများကိုလည်း စေတနာအလျောက် လိုက်လံသန့်ရှင်းပေးကြပါသည်။

အခြေခံအဆောက်အဦးများလက်လှမ်းမှု၊ လမ်း၊ တံတားများလျှပ်စစ်စွမ်းအား သတင်းနှင့်ဆက်သွယ်ရေး

မော်လိုက်ခရိုင်၊ မော်လိုက်မြို့နယ်၊ မှော်ကူးကျေးရွာအနေဖြင့် လမ်းပန်းဆက်သွယ်ရေးမှာ လည်းညံ့ဖျင်းလှပါသည်။ တံတားအဆောက်အဦးအနေဖြင့်လည်း များများစားစားမရှိပေ။ အဆင့်ပြေသလိုရပ်ရွာမှပြုလုပ်ထားသော တံတားများသာရှိပေသည်။ လျှပ်စစ်စွမ်းအားအနေဖြင့် ကျေးရွာမီးမရှိ၍ မိမိကိုယ်ပိုင်ဝယ်ယူသုံးစွဲရသော ဆိုလာမီးကိုသာရှိပါသည်။ သတင်းအချက်အလက်အနေဖြင့် အရောက်ပေါက်နည်းသည့်အလျောက် လူသိနည်းလှပေသေးသည်။ တယ်လီဖုန်းအသုံးပြုနိုင်ရန် ကောင်းမွန်ပါသည်။ သတင်းအချက်အလက်ရယူမှုအတွက် ကောင်းမွန်လှပါသည်။လမ်းပန်းဆက်သွယ်ရေးမှာ လွန်စွာမှ ခက်ခဲအားနည်းသည်ကိုတွေ့ရပါသည်။

ကျန်းမာရေးနှင့်အာဟာရ

မှော်ကူးကျေးရွာရှိ လူများမှာ ကျန်းမာရေးမှာ အသင့်တင့်ကောင်းမွန်ကြပါသည်။ ဖျားနာခြင်းများမှာ အသင့်အတင့်ရှိပါသည်။ ထူးခြားစွာဖြစ်ပေါ်သော ကျန်းမာရေးချို့ယွင်းမှုများမှာ မရှိသလောက်ရှားပါသည်။

ပညာရေးနှင့်ကျွမ်းကျင်မှုများ

မှော်ကူးကျေးရွာ၏ စာတတ်မြောက်မှုနှုန်းမှာ သင့်တင့်စွာရှိလှပါသည်။မူလတန်းပညာပြီးမြောက်မှုနှုန်းများ ကျား/မ(၂၃၂)ဦးရှိပါသည်။ အလယ်တန်းနှင့်အထက်တန်းပညာပြီးမြောက်မှုနှုန်းမှာ ကျား/မ(၁၅၇)ဦးရှိပါသည်။ ကောလိပ်တက္ကသိုလ်ဘွဲ့ရနှုန်းမှာ ကျား/မ ဦးရေ(၁၅)ဦး ရှိပါသည်။ ထို့ကြောင့် မှော်ကူးရွာ၏ စာတတ်မြောက်မှုနှုန်း(၇၅)ရာခိုင်နှုန်းခန့်ရှိပါသည်။ ရိုးရာ လက်မှုပညာအနေဖြင့်လက်သမား၊ပန်းရံ၊လက်မှုပညာတတ်ကျွမ်းသူများလည်းရှိပါသည်။အခြားအသက်မွေးဝမ်းကျောင်းပညာကျွမ်းကျင်မှု၌ နည်းပါးလှပါသည်။

Scanned by CamScanner

ကျား/မ ဆိုင်ရာဆက်နွယ်မှု

မော်ကူးရွာ၏ အုပ်ချုပ်စီမံရေးကိစ္စများနှင့် ရပ်ရေး၊ ရွာရေးကိစ္စရပ်များတွင်လည်း အမျိုးသမီးများပါဝင်နိုင်မှု အခွင့်အရေးရကြပါသည်။ ပညာရေးသင်ကြားမှုဆိုင်ရာတွင်လည်း ကျား/မ တန်းတူညီမျှရှိကြပါသည်။ အလုပ်အကိုင်တွင်လည်း သူ့ကဏ္ဍနှင့်သူ မျှတစွာလုပ်ကိုင်ဆောင်ရွက်ကြပါသည်။ အခြားအမျိုးသမီးဆိုင်ရာအခွင့်အရေးမှာ အမျိုးသမီးရေးရာအဖွဲ့ရှိပြီး ဥပဒေလက်ကိုင်ထားကာ အရာရာရင်ဆိုင်နိုင်သော အသိအမြင်များနှင့် အခွင့်အရေးများ ရှိပါသည်။

ဦးစားပေးစီမံချက်များနှင့်အကောင်အထည်ဖော်ဆောင်ရွက်မည့်အချိန်ကာလ

မော်လိုက်ခရိုင်၊ မော်လိုက်မြို့နယ်၊ မော်ကူးအုပ်စု၊ မော်ကူးကျေးရွာ၏ ဦးစားပေး အစီအစဉ်အလိုက်စီမံချက်များမှာ

(၁)လမ်းဖောက်ခြင်းနှင့်ရေပြွန်၊ တံတားတည်ဆောက်ခြင်းလုပ်ငန်း

(၂)ကျေးရွာအုပ်ချုပ်ရေးမှူးရုံးတည်ဆောက်ခြင်းလုပ်ငန်း

(၃)ကျေးရွာကမ်းပါးပြိုမှုပပျောက်ရန် ရေကာတာတည်ဆောက်ခြင်းလုပ်ငန်း

(၄)ကျေးရွာရေပေးရေးလုပ်ငန်းဆောင်ရွက်ခြင်း

(၅)ကျန်းမာရေးမှူးနေအိမ်တည်ဆောက်ခြင်း

(၁) လမ်းဖောက်ခြင်းနှင့်ရေပြွန်၊ တံတားတည်ဆောက်ခြင်းလုပ်ငန်း

မော်ကူးကျေးရွာတွင်(၁၂)လရာသီအသုံးပြုနိုင်ရန် ကားလမ်းမှ ရွာတွင်းလမ်း မြစ်ဆိပ်ရေလွှတ်ရာမှဖောက်လုပ်ခြင်း၊ ချဲ့ထွင်ခြင်း၊ သဲကျောက်များ၊ ရေပြွန်၊ တံတားများတည်ဆောက်ခြင်း လုပ်အားစိုက်ထုတ်ခြင်း၊ လမ်းဖောက်လုပ်ရန်ဧရိယာပေ အလျား(၄၈၀၀'×၂၄'×၁')ဖောက်လုပ်သွားမည်ဖြစ်ပါသည်။ဂင်းလမ်းဖောက်လုပ်ခြင်းကို ရပ်ရွာရှိအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်သွားပါမည်။ကျေးရွာအနေဖြင့်လည်း လူအား၊ ငွေအား၊ ပစ္စည်းအင်အားစသည်ဖြင့် ပါဝင်ဆောင်ရွက်နိုင်ရန်စီစဉ်ထားပါသည်။ဂင်းကိုဖွဲ့ဖြိုးရေးငွေရရှိပြီး တစ်ပတ်အတွင်း စတင်ဆောင်ရွက်၍(၃၀.၃.၂၀၁၉) ရက်အတွင်း အပြီးသတ်ဆောင်ရွက်ပါမည်။

(၂)ကျေးရွာအုပ်ချုပ်ရေးမှူးရုံးတည်ဆောက်ခြင်းလုပ်ငန်း

မော်ကူးကျေးရွာတွင် ယခင်ကပြုလုပ်တည်ဆောက်ထားသော ရုံးမှာ ပျက်စီးနေပြီဖြစ်၍ အစည်းအဝေးပြုလုပ်ရန် ခိုင်ခံ့မှုမရှိခြင်း၊ အမိုးအကာမလုံခြင်းတို့ကြောင့် ရုံးဆောက်လုပ်ရန်လိုအပ်ပါသည်။ဆောက်လုပ်ရမည့်ရုံးမှာ(၁)ထပ်ဆောင်ဖြစ်ပြီး ဧရိယာ(၃၀'×၂၀'×၁၈')ဖြစ်ပါသည်။ဂင်းကို ရပ်ရွာအဖွဲ့အစည်းဖြင့် ပူးပေါင်းဆောင်ရွက်သွားပါမည်။ ကျေးရွာအနေဖြင့်လည်း လူအင်အား၊ ငွေအင်အားဖြင့်လည်းကောင်း ပါဝင်ဆောင်ရွက်နိုင်ရန် စီစဉ်ထားပါသည်။ဂင်းကို ၂၀၂၀ခုနှစ် ဖွံ့ဖြိုးရေးငွေရရှိပြီး တစ်ပတ်အတွင်း စတင်ဆောင်ရွက်၍ ၂၀၂၀ခုနှစ်အတွင်း အပြီးဆောင်ရွက်ရန် ရည်ရွယ်ထားပါသည်။

Scanned by CamScanner

(၃)ကျေးရွာကမ်းပါးပြိုမှုပပျောက်ရန် ရေကာတာတည်ဆောက်ခြင်းလုပ်ငန်း

မှော်ကူးကျေးရွာသည် ချင်းတွင်းမြစ်ဘေးတွင် တည်ရှိ၍ ရေတိုက်စားမှုရှိသောကြောင့် ရေကာတာ ဆောက်ရန်လိုအပ်ပါသည်။ ရေကာတာရိုက်ရာတွင် သစ်သားတိုင်များစိုက်ခြင်း၊ သဲအိတ်များစီခြင်း၊ ရေလွှဲပေးခြင်းအပြင် ရေရှည်တည်တံ့သော ရေကာတာတည်ဆောက်ရန်လိုအပ်ပါသည်။ ရေကာတာရိုက်ရန်ပေဇရီယာ(၁၀၀၀'×၆၀')ဖြင့် တည်ဆောက်ရပါမည်။ဒင်းကို ရပ်ရွာရှိ အဖွဲ့အစည်းများနှင့်ပူးပေါင်းဆောင်ရွက်သွားပါမည်။ ကျေးရွာအနေဖြင့်လည်း သစ်သားတိုင်များခုတ်ခြင်း၊ သယ်ယူခြင်း လူအင်အားဖြင့်လည်းကောင်း၊ ငွေအင်အားဖြင့်လည်းကောင်း ပါဝင်ဆောင်ရွက်နိုင်ရန် စီစဉ်ထားပါသည်။ဒင်းကို ၂၀၂၁ခုနှစ် ဖွံ့ဖြိုးရေးငွေရရှိပြီး တစ်ပတ်အတွင်း စတင်ဆောင်ရွက်၍ ၂၀၂၁ခုနှစ်အတွင်း အပြီးဆောင်ရွက်ရန် ရည်ရွယ်ထားပါသည်။

(၄)ကျေးရွာရေပေးရေးလုပ်ငန်းအား ၂၀၂၂ခုနှစ်အတွင်း ဆောင်ရွက်ရန် လျာထားပါသည်။

(၅)ကျန်းမာရေးမှူးနေအိမ်အား ၂၀၂၃ခုနှစ်အတွင်း ဆောက်လုပ်လိုကြောင်း နှစ်အလိုက်ဦးစားပေးစီမံချက်များအား တင်ပြအပ်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
မှော်ကူးကျေးရွာ၊ မော်လိုက်မြို့နယ်

ရက်စွဲ၊၂၀၁၉ခုနှစ်၊ မတ် လ(၃၀)ရက်


Scanned by CamScanner

မော်လိုက်မြို့နယ်၊ မှော်ကူးကျေးရွာအုပ်စု၊ မှော်ကူးကျေးရွာ
ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဖြင့် ဆောင်ရွက်မည့် နှစ်အလိုက်ဦးစားပေးစီမံချက် အခြေပြဇယား

ရက်စွဲ၊

စဉ်	အကြောင်းအရာ	၂၀၁၉	၂၀၂၀	၂၀၂၁	၂၀၂၂	၂၀၂၃	မှတ်ချက်
၁	ကျေးရွာအဝင်လမ်းပြုပြင်ခြင်း	✓					
၂	ကျေးရွာအုပ်ချုပ်ရေးမှူးရုံးဆောက်လုပ်ခြင်း။		✓				
၃	ရေကာတာတည်ဆောက်ခြင်း			✓			
၄	ကျေးရွာရေပေးရေးလုပ်ငန်းဆောင်ရွက်ခြင်း။				✓		
၅	ကျန်းမာရေးမှူးနေအိမ်တည်ဆောက်ခြင်း။					✓	

Scanned by CamScanner



2-1-2019


Scanned by CamScanner

ဆေးတင်ကိုက်ကိုးရွာ ကျောက်လှေကျေးရွာ ၏ ရာသီခွင်ပြက္ခဒိန်

3.1.2019

ပြက္ခဒိန်အချက်	တန်ခူး	ကဆုန်	နယုန်	ဝါဆို	ဝါခေါင်	တော်သလင်း	သီတင်းကျွတ်	တန်ဆောင်မုန်း	နတ်တော်	ပြာသို	တပို့တွဲ	တပေါင်း
ရာသီဥတု												
အလုပ်အကိုင်	နှမ်းပေါက် မြေပဲသိမ်း	—	မျိုးစေ့ကြဲ ပျိုးထောင်	လယ် ထွန်	ကောက် စိုက်	စိုက်ပျိုး ပြုစု	ပေါင်းခင်း စသင်း	ပဲ စိုက် သယ်ယူ	ပဲမျိုးစိုက် ကောက်ရိတ်	ဂျုံးပြောက် ကောက်ကြဲ	ပဲခူး သိမ်း	အာခင်း သိမ်း
ကလေးလူကြီးရောဂါဖြစ်ပွားမှုနှုန်း		—	—			—	—			—		
ငွေချေးငှားယူမှုနှုန်း	—	—	KK	KK	KKKK	KK	KKK	—	—	—	—	—
ဝင်ငွေရှာဖွေမှုနှုန်း	ပုံမှန်	ပုံမှန်	သာမန်	သာမန်	သာမန်	သာမန်	သာမန်	ပုံမှန်	ပုံမှန်	ပုံမှန်	ပုံမှန်	ပုံမှန်
စားသောက်ကုန်ရရှိမှုနှုန်း												
ကလေးငယ်တွေရောဂါကျရောက်မှုနှုန်း	ဆီးချို	ခေါင်းကိုက် ချောင်း	နှာနာ လျှာနာ	နှာနာ လျှာနာ	—	—	အအေးမိ ဖျား	—	—	—	—	—
ကျန်းမာရေးအခြေအနေ	ဝမ်းပျက် ဝမ်းလျှော	ဝမ်းပျက် ဝမ်းလျှော	ငှက်ဖျား	ငှက်ဖျား	ငှက်ဖျား	—	—	နှာစေး ချောင်းဆိုး	နှာစေး	နှာစေး	နှာစေး	ဝမ်း လျှော
ပွဲတော်		—	—	—	—	—	ဆီမီးလှူ	—	[illegible]	—	—	—
သဘာဝဘေးအန္တရာယ်	လေ	လေ	—	ရေကြီး	ရေကြီး	—	—	—	—	—	—	မီး
အသုံးစရိတ်												

Venn Diagram ဈေးကူးကျေးရွာရှိ အသင်းအဖွဲ့ အစုအဝေးများ



စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊ ဝက်လက်မြို့နယ်၊ ဈေးကူးအုပ်စု၊ ဈေးကူးကျေးရွာ

စိုက်ပျိုးရေးမွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
မော်လိုက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)

ကျေးရွာ – မှော်ကူးကျေးရွာ၊မော်လိုက်မြို့နယ်

(၄၈)ခုယား

Scanned by CamScanner

ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ

(က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း
၁ နှစ် အောက်	နို့စို့အရွယ်	၁၃	၁၅	၂၈
၁ နှစ်မှ ၄ နှစ် အထိ	၅ နှစ်အောက်ကလေးငယ်	၂၂	၁၉	၄၁
၅ နှစ်မှ ၉ နှစ် အထိ	မူလတန်းကျောင်းသားအရွယ်	၂၉	၄၄	၇၃
၁၀ နှစ်မှ ၁၄ နှစ် အထိ	အလယ်တန်းကျောင်းသားအရွယ်	၅၁	၄၈	၉၉
၁၅ နှစ်မှ ၆၄ နှစ် အထိ	အလုပ်လုပ်နိုင်သည့်အရွယ်	၂၄၈	၂၃၈	၄၈၆
၆၅ နှစ် အထက်	သက်ကြီးရွယ်ကြီး	၂၀	၂၆	၄၆
စုစုပေါင်း		၃၈၃	၃၉၀	၇၇၃
စုစုပေါင်း အိမ်ထောင်စု		၁၅၆		

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ ဒေသရှိ အထွေထွေစတိုးဆိုင်ကြီး ၁၀ ဆိုင်၊ အသေးစား ၁၅ ဆိုင်၊ ဆေးခန်း ၂ ခု၊ ဆေးဆိုင် ၄ ဆိုင်၊ ကျန်းမာရေးဌာနခွဲ ၁ ခု၊ မီးသတ်ဌာနခွဲ ၁ ခု၊ ဆေးရုံကြီး ၁ ခု၊ ဆေးရုံငယ် ၂ ခု၊ ဆေးခန်းစေတနာရှင် ၂ ခု၊ ဆေးပေးခန်း ၂ ခု၊ ဆေးဝါးဖြန့်ဝေရေးဌာန ၁ ခု၊ ကျန်းမာရေးဝန်ထမ်း ၁၀ ဦး၊ ဆရာဝန် ၂ ဦး၊ သူနာပြု ၄ ဦး၊ ဆေးဖြန့်ဝေရေးဝန်ထမ်း ၂ ဦး၊ ဆေးဝါးကိုယ်စားလှယ် ၂ ဦး၊ ဆေးဝါးဖြန့်ဝေသူ ၂ ဦး၊ ဆေးဝါးရောင်းသူ ၂ ဦး၊ ဆေးဝါးဖြန့်ဝေရေးဌာနခွဲ ၁ ခု၊ ဆေးဝါ

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	အဓိကလုပ်ငန်း၏ရ တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)				
၃	ကိုယ်ပိုင် လုပ်ငန်း:	၁	၃		မြင့် ☐ လတ်☐ နိမ့်☑
	အလုပ်သမား / ဝန်ထမ်း:				မြင့် ☐ လတ်☐ နိမ့် ☐
	သစ်တောလုပ်ငန်း:				
၄	ကိုယ်ပိုင် လုပ်ငန်း:				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း:				မြင့် ☐ လတ်☐ နိမ့် ☐
	စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ				
	သတ္တုကူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း:				
၅	ကိုယ်ပိုင် လုပ်ငန်း:				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း:				မြင့် ☐ လတ်☐ နိမ့် ☐
	ထုတ်ကုန်လုပ်ငန်း:				
၆	ကိုယ်ပိုင် လုပ်ငန်း:	၂	၂		မြင့် ☐ လတ်☐ နိမ့်☑
	အလုပ်သမား / ဝန်ထမ်း:	၃	၅		မြင့် ☐ လတ်☐ နိမ့်☑
	လျှပ်စစ်၊ မာတ်ဒွေ့ နှင့် ရေပေးဝေရေး:				
၇	ကိုယ်ပိုင် လုပ်ငန်း:				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း:				မြင့် ☐ လတ်☐ နိမ့် ☐
	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း:				
၈	ကိုယ်ပိုင် လုပ်ငန်း:	၅		၅	မြင့် ☐ လတ်☐ နိမ့်☑
	အလုပ်သမား / ဝန်ထမ်း:	၃		၃	မြင့် ☐ လတ်☐ နိမ့်☑
	ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး:				
၉	ကိုယ်ပိုင် လုပ်ငန်း:				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း:				မြင့် ☐ လတ်☐ နိမ့် ☐
	ကျွမ်းကျင်ပညာရှင်များ (ဆရာဝန်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)				
၁၀	ကိုယ်ပိုင် လုပ်ငန်း:				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း:				မြင့် ☐ လတ်☐ နိမ့် ☐
	လက်လီ- လက်ကား ရောင်းဝယ်ရေး:				
၁၁	ကိုယ်ပိုင် လုပ်ငန်း:	၅	၅	၂၅	မြင့် ☐ လတ်☐ နိမ့်☑
	အလုပ်သမား / ဝန်ထမ်း:	၂			မြင့် ☐ လတ်☐ နိမ့်☑
	ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း:				
၁၂	ကိုယ်ပိုင် လုပ်ငန်း:				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း:				မြင့် ☐ လတ်☐ နိမ့် ☐

Scanned by CamScanner

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်း မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	အဓိကလုပ်ငန်း၏ ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး				
၁၃	ကိုယ်ပိုင် လုပ်ငန်း:				မြင့် □ လတ်□ နိမ့် □
	အလုပ်သမား / ဝန်ထမ်း:				မြင့် □ လတ်□ နိမ့် □
	ငွေကြေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)				
၁၄	ကိုယ်ပိုင် လုပ်ငန်း:				မြင့် □ လတ်□ နိမ့် □
	အလုပ်သမား / ဝန်ထမ်း:				မြင့် □ လတ်□ နိမ့် □
	အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ				
၁၅	ကိုယ်ပိုင် လုပ်ငန်း:				မြင့် □ လတ်□ နိမ့် □
	အလုပ်သမား / ဝန်ထမ်း:				မြင့် □ လတ်□ နိမ့် □
	ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)				
၁၆	ကိုယ်ပိုင် လုပ်ငန်း:				မြင့် □ လတ်□ နိမ့် □
	အလုပ်သမား / ဝန်ထမ်း:				မြင့် □ လတ်□ နိမ့် □
	ပညာရေး				
၁၇	ကိုယ်ပိုင် လုပ်ငန်း:				မြင့် □ လတ်□ နိမ့် □
	အလုပ်သမား / ဝန်ထမ်း:	၃	၃		မြင့် □ လတ်□ နိမ့် ☒
	ကျန်းမာရေး				
၁၈	ကိုယ်ပိုင် လုပ်ငန်း:				မြင့် □ လတ်□ နိမ့် □
	အလုပ်သမား / ဝန်ထမ်း:	၂	၂		မြင့် □ လတ်□ နိမ့် ☒
	လူမှုရေး လုပ်ငန်းများ				
၁၉	ကိုယ်ပိုင် လုပ်ငန်း:				မြင့် □ လတ်□ နိမ့် □
	အလုပ်သမား / ဝန်ထမ်း:				မြင့် □ လတ်□ နိမ့် □
	အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ				
၂၀	ကိုယ်ပိုင် လုပ်ငန်း:				
	အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား:	၁၄		၁၄	☒
	ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ				
၂၁	ကိုယ်ပိုင် လုပ်ငန်း:				မြင့် □ လတ်□ နိမ့် □
	အလုပ်သမား / ဝန်ထမ်း:				မြင့် □ လတ်□ နိမ့် □
	စုစုပေါင်း:	၁၅၆	၃၀၅	၅၇	☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

Scanned by CamScanner

မှတ်ချက်။ ။ 'အခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူများ' အရေအတွက်တွင် 'မိသားစုဝင်လုပ်အား ထပ်မံ ထည့်သွင်းကောက်ယူခြင်း မပြုရပါ။ 'ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်)' ဆိုသည်မှာ ဖော်ပြ လုပ်ငန်းတစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ် လုပ်ကိုင်လို များအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှု၊ဝင်ငွေစသည့် အခြေအနေကို ဆိုလိုပါသည်။ ဥပမာ 'စိုက်ပျိုးရေး' ကဏ္ဍ ၏ 'ကိုယ်ပိုင်လုပ်ငန်း'တွင် ရပ်တည်နိုင်မှု 'မြင့်' ဆိုပါက အဆိုပါလုပ်ငန်းတ ကိုယ်ပိုင်လုပ်ငန်း တစ်ခု လုပ်ကိုင်ရန် အခွင့်အလမ်းများနေသည်ဝင်ငွေကောင်းသည်ဟု ဆိုလိုပါသည်။

လေ့လာတွေ့ရှိချက်။ ။.....

.....

.....

.....

.....

.....

.....

(ခ-၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

#	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	၄၀၀၀	၄၀၀၀	၃၅၀၀	၃၅၀၀
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား				
၃	ငါးလုပ်ငန်း (ရေချို/ရေငန် ငါးဖမ်းခြင်း၊ မွေးမြူခြင်း)	နေ့စား				
၄	သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း	နေ့စား				
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား				
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား	၅၀၀၀	၄၀၀၀	၄၀၀၀	၃၀၀၀
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး	နေ့စား				
၈	လက်လီ-လက်ကား ရောင်းဝယ်ရေး	နေ့စား				
၉	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်)	နေ့စား				
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း	နေ့စား				

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

မှတ်ချက် (၁) လစဈး အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)

(၂) နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

Scanned by CamScanner

လေ့လာတွေ့ရှိချက်။ ။ ...

(ဂ) သဘာဝရင်းမြစ်များ

(ဂ-ခ) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၄) ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာ အရည်အသွေး (မှန်ရာတစ်ခုကိုသာ ရွေးရန်)		
လယ်မြေ	၃၀၇.၀၁ / ၃၀.၅၀	ကောင်း: ☐	သင့်: ☑	ညံ့: ☐
ယာမြေ / တောင်ယာမြေ	၇၄.၅၀/၄	ကောင်း: ☐	သင့်: ☑	ညံ့: ☐
ဥယျာဉ်ခြံမြေ	၄၂	ကောင်း: ☐	သင့်: ☑	ညံ့: ☐
ကိုင်း/ကျွန်းမြေ	၁၀၄ - ၉ ၀/၅.၆၀	ကောင်း: ☐	သင့်: ☑	ညံ့: ☐
ခနိတောမြေ		ကောင်း: ☐	သင့်: ☐	ညံ့: ☐
စားကျက်မြေ		ကောင်း: ☐	သင့်: ☐	ညံ့: ☐
မြေလွတ် မြေလပ်	၁၆.၅၀	ကောင်း: ☐	သင့်: ☐	ညံ့: ☑
စုစုပေါင်း:	၅၃၅.၀၁/၄၀.၁		☒	

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ မြေလွတ်မြေလပ် ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့် ဖွန့်လွတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့် မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကို ဆိုသည်။

လေ့လာတွေ့ရှိချက်။ ။ ...

Scanned by CamScanner

(ဂ-၂) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မျက် စသည်။)	များ ☐ သင့် ☐ နည်း ☑ မရှိ ☐	လွယ် ☐ ခက် ☑ အသုံးမပြုနိုင်ပါ
ကျောက်၊ သဲ၊ ကျောက်စရစ်စသည်များ	များ ☐ သင့် ☑ နည်း ☐ မရှိ ☐	လွယ် ☐ ခက် ☑ အသုံးမပြုနိုင်ပါ
သဘာဝ အပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ)	များ ☐ သင့် ☐ နည်း ☑ မရှိ ☐	လွယ် ☐ ခက် ☑ အသုံးမပြုနိုင်ပါ
သဘာဝ တိရစ္ဆာန်မျိုးစိတ်များ	များ ☐ သင့် ☐ နည်း ☑ မရှိ ☐	☒

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ သစ်ထောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ ရေမြောင်းကျေးရွာ ဒေသတွင်း သဘာဝနှင့် ဇာတိရေတွင်း ရွာက သယံဇာတ မရှိသောကြောင့်၊ ရွာကမမြောက်သည့် နှင့်သဘာဝ အပင်မျိုးစိတ်များ၊ နွားစာ၊ဆေးဘက်ဝင် အပင်များ၊ ဖြစ် သဘာဝ တိရစ္ဆာန်မျိုးစိတ်များ ... မရှိ ... ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှုမရှိ ... ပါ။ မြေ၊ ခဲတော်ခဲ့ပါသည်။ ... ကျောက်၊သဲ၊ ကျောက်စရစ်စသည်များ မရှိ၊ ရွာကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှုမရှိ ... ပါ။

(ဃ) ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

အကြောင်းအရာ	သတ်မှတ်စံနှုန်း: အဆင့်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသော အိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်သော အိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	၈	၄၀	၈၈	၂၀
အိမ်အခြေအနေ	ခဲ့ခဲ့ကောင်းကောင်း	ခဲ့ခဲ့ကောင်းကောင်းတော့	ပြင်ဆင်ဖို့	ကယ်ဖို့
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု				
အဓိကစီးပွားရေး လုပ်ငန်း	စောင်းသူကြီး	စောင်းသူလောက်	စောင်းသူငယ်	ပေးရမယ့်လူကိုမှာ
အိမ်ထောင်စု	၈	၄၀	၈၈	၂၀

ရင်းမြစ် ... (၁) ကျေးရွာလုံးကျတ် အစည်းအဝေးပြုလုပ်ခြင်း။

Scanned by CamScanner

လေ့လာတွေ့ရှိချက်။ ။ဖြေကြားသူအားလုံးသည် အိမ်ထောင်စုမှုရေးရာဆိုင်ရာ ကိစ္စရပ်များတွင် ယောကျ်ားလေးများသာ ဦးဆောင်ဆုံးဖြတ်ကြသည်ကို တွေ့ရသည်။ ဥပမာအားဖြင့် အိမ်ထောင်စုရေးရာ ဆုံးဖြတ်ချက်များ၊ ကလေးများ၏ ပညာရေးဆိုင်ရာ ဆုံးဖြတ်ချက်များ၊ ကိုယ်ပိုင်ဝင်ငွေရှာဖွေခြင်း၊ ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ အိမ်ထောင်စုဝင်များ ကျန်းမာရေးဆိုင်ရာ ဆုံးဖြတ်ချက်များ၊ အိမ်ထောင်စုဝင်များ ကျန်းမာရေးဆိုင်ရာ ဆုံးဖြတ်ချက်များ၊ အိမ်ထောင်စုပိုင် ပစ္စည်းများ ဝယ်ယူခြင်း၊ ရောင်းချခြင်း၊ အိမ်ထောင်စုဝင်များ ခရီးသွားလာခြင်း

(၄-၂) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

ဖေယား (၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄ နှစ်နှင့်အထက်			
မိသားစု/ရပ်ရွာ၏ စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ်			
	အိမ်ထောင်စု အရေအတွက်		
ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု			
ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု			
အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု			

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။.....

.....

.....

.....

.....

.....

.....

(၄-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဖေယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

စဉ်	ထိခိုက်လွယ်မှု အမျိုးအစား	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)			
၁	စားနပ်ရိက္ခာ မဖူလုံမှု	မြင့် ☐	လတ် ☑	နိမ့် ☐	မရှိ ☐
၂	သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ ဓိုက်ပျိုးရေ)	မြင့် ☐	လတ် ☐	နိမ့် ☑	မရှိ ☐
၃	ရေကြီးခြင်း	မြင့် ☐	လတ် ☑	နိမ့် ☐	မရှိ ☐
၄	မိုးခေါင်ခြင်း	မြင့် ☐	လတ် ☑	နိမ့် ☐	မရှိ ☐
၅	အအေးလွန်ကဲခြင်း	မြင့် ☐	လတ် ☑	နိမ့် ☐	မရှိ ☐
၆	မုန်တိုင်း	မြင့် ☐	လတ် ☐	နိမ့် ☑	မရှိ ☐
၇	ငလျင်	မြင့် ☐	လတ် ☐	နိမ့် ☑	မရှိ ☐
၈	မီးဘေး	မြင့် ☐	လတ် ☐	နိမ့် ☑	မရှိ ☐
၉	ဆားငန်ရေဝင်ရောက်မြေ	မြင့် ☐	လတ် ☐	နိမ့် ☐	မရှိ ☐
၁၀	မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု	မြင့် ☐	လတ် ☑	နိမ့် ☐	မရှိ ☐
၁၁	သစ်တောပြုန်းတီးခြင်း	မြင့် ☐	လတ် ☐	နိမ့် ☑	မရှိ ☐
၁၂	ငှက်ဖျားရောဂါ	မြင့် ☑	လတ် ☐	နိမ့် ☐	မရှိ ☐
၁၃	တီဘီရောဂါ	မြင့် ☐	လတ် ☐	နိမ့် ☑	မရှိ ☐

Scanned by CamScanner

စဉ်	ထိခိုက်လွယ်မှု အမျိုးအစား	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)			
၁၄	ကိုယ်ခံအားကျဆင်းမှုရောဂါ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၁၅	ပြည်တွင်း ပဋိပက္ခ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၁၆	တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု	မြင့် ☐	လတ် ☐	နိမ့်☑	မရှိ ☐
၁၇	လူကုန်ကူးခြင်း	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၁၈	ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲ စသည်	မြင့် ☐	လတ် ☑	နိမ့်☐	မရှိ ☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ဒေသ၏ရေ၊ ဂျုတဖက် ထိခိုက်လွယ်မှုများအရဆို၊ အာဟာ၊ မရှ၊ မရှ အာဟာ ရိကန္တာ မယ္ဗုဒ္ဓံမှ ရေကြီးခြင်း၊ မိုးဖေါင်းခြင်း၊ အလွှာရွှံ့ဒေး၊ ကာခြံခြင်း၊ ရေဖြည်ခြင်း၊ ရေဖြစ်ခြင်း၊ ရေဖြစ်ခြင်း ကျွန်... ပုဂံဒေသတွင် မြေငလျင်မှ ထိခိုက်လွယ်မှု အလယ်အလတ်အဆင့်တွင်ရောက်ရှိ၊ ဘေးအန္တရာယ်၊ မြစ်ကြီး၊ ဗဟိုဒေသတွင်ဖြစ်၊ ထိခိုက်လွယ်မှု အဆင့်မြင့်၊ ဒေသခံပြည်သူများ၏ ဘဝအသက်မွေးဝမ်းကြောင်း၊ အိမ်ရာ၊ ကုန်းစားရေစာရေရင်းမြစ်များကို ထိခိုက်လွယ်မှုအကဲဖြတ်ရာတွင် အဓိကအချက်အဖြစ် ကွင်းဆင်းလေ့လာခဲ့ပြီး၊ ကိုယ်ခံအား၊ ကျဆင်း၊ မှုရောဂါ၊ ပြည်တွင်း၊ ပဋိပက္ခ၊ လူကုန်ကူး ခြင်း၊ မရှ၊ ထိခိုက်လွယ်မှုအရဆို မရှိသည်ဟု ဆုံးဖြတ်ခဲ့ပါသည်။ ဝေးလံခေါင်သီ၊ လမ်းပန်း... ဆက်သွယ်ရေး၊ ခက်ခဲသည်ဟု ဆုံးဖြတ်ခဲ့ပါသည်။ မရှ၊ ထိခိုက်လွယ်မှုအဖြစ် အလယ်အလတ် ဆင့်ကဲဖြစ် စေသည်ဟု ဆုံးဖြတ်ခဲ့ပါသည်.....

(၄-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဖေယား (၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)			
၁	လူငယ်	မြင့် ☑	လတ် ☐	နိမ့်☐	မရှိ ☐
၂	အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု	မြင့် ☐	လတ် ☐	နိမ့်☑	မရှိ ☐
၃	ဆင်းရဲသားတောင်သူ	မြင့် ☑	လတ် ☐	နိမ့်☐	မရှိ ☐
၄	သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင်စု/ ကူးစက်ရောဂါ ထူပြောသောဒေသတွင် နေထိုင်သူ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၅	ပင်လယ်/မြစ်ကမ်းဘေး နေထိုင်သူများ	မြင့် ☐	လတ် ☐	နိမ့်☑	မရှိ ☐
၆	မတော်တဆမှုဖြစ်နိုင်ခြေများသော နေရာ (Prone to accident) တွင် နေထိုင်သူများ	မြင့် ☐	လတ် ☐	နိမ့်☑	မရှိ ☐
၇	ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ (IDP)	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၈	မြေနိမ့်ပိုင်း နေထိုင်သူများ	မြင့် ☐	လတ် ☐	နိမ့်☑	မရှိ ☐
၉	ငါးကန်ပိုင်ရှင်များ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၁၀	လက်လုပ်လက်စားများ၊ ကျပန်းများ	မြင့် ☐	လတ် ☑	နိမ့်☐	မရှိ ☐
၁၁	လူနည်းစုလူမျိုးများ	မြင့် ☐	လတ် ☐	နိမ့်☑	မရှိ ☐

Scanned by CamScanner

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)			
၁၂	ဒေသတွင်းပဋိပက္ခ ဧရိယာတွင် နေထိုင်သူများ	မြင့် ☐	လတ် ☐	နိမ့် ☐	မရှိ ☒
၁၃	နယ်စပ်ဒေသတွင် နေထိုင်သူများ	မြင့် ☐	လတ် ☐	နိမ့် ☐	မရှိ ☒
၁၄	ရွှေတွင်းလုပ်သားများ	မြင့် ☐	လတ် ☐	နိမ့် ☐	မရှိ ☒
၁၅	လှည့်လည်သွားလာ၍ ဈေးရောင်းသူများ	မြင့် ☐	လတ် ☒	နိမ့် ☐	မရှိ ☐
၁၆	နေရပ်ပြန် အခြေချသူများ	မြင့် ☐	လတ် ☐	နိမ့် ☐	မရှိ ☒
၁၇	ရွှေပြောင်းလုပ်သားများ	မြင့် ☐	လတ် ☐	နိမ့် ☒	မရှိ ☐
၁၈	ကားမောင်းပြီး အသက်မွေးသူများ	မြင့် ☐	လတ် ☐	နိမ့် ☒	မရှိ ☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။ ။ ထိခိုက်နိုင်မှု အန္တရာယ် နိမ့်၊လတ်၊မြင့် သတ်မှတ်ရာတွင် ပထမဦးစွာ မိမိကျေးရွာက
ထိခိုက်မှုခံရနိုင်သည့်သူများ သတ်မှတ်ပါ၊ ထို့နောက် ၄င်း ပုဂ္ဂများအလိုက် ထိခိုက်နိုင်သ
အန္တရာယ်အမျိုးအစားဖော်ပြ၍ နိမ့်၊လတ်၊မြင့် သတ်မှတ်ရန်ဖြစ်သည်။

လေ့လာတွေ့ရှိချက်။ ။ ဖောက်ကူးကျေးရွာတွင် ဒေသတွင်းပဋိပက္ခ ဧရိယာတွင် နေထိုင်ပ
နယ်စပ်ဒေသတွင် ဧရိယာသူများ၊ ရွှေတွင်းလုပ်သားများ၊ နှင့် ဧရိယာပြင်ပ အရွှေ့ပိုင်း
ဒေသ၌ ယခင် ဂဒုဏ်ဂဒဏ္ဍာရီများ ရှိခဲ့ပြီး ယခုအခါ
အဓိကအားဖြင့် ကားမောင်းပြီး အသက်မွေးသူများ
ဖြစ်ကြောင်း သိရှိရပါသည်။

(၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

(က-၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်း အမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခု ကိုသာ ရွေးရန်)
			ကျား	မ	ပေါင်း		
၁	ကျွန်မတို့ရပ်မ အုပ်စု	၁☐ ၂☒ ၃☐				ပညာရေး ☐ ဌေးကြေး ☒ ကျန်းမာရေး ☐ ဘာသာရေး ☒ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☒	ကောင်း သင့် သည့်
၂	ရွာမျိုးသမီး ရပ်ရိ	၁☐ ၂☒ ၃☐				ပညာရေး ☐ ဌေးကြေး ☐ ကျန်းမာရေး ☒ ဘာသာရေး ☒ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☒ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း သင့် သည့်

Scanned by CamScanner

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
			ကျား	မ	ပေါင်း		
၃	လယ်သမား ဒေသခံ	၁☐ ၂☑ ၃☐				ပညာရေး ☐ ငွေကြေး ☑ ကျန်းမာရေး ☑ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☑ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☐ ညံ့ ☐
၄	ကျေးလက်ရပ်ရွာ	၁☐ ၂☑ ၃☐				ပညာရေး ☑ ငွေကြေး ☐ ကျန်းမာရေး ☑ ဘာသာရေး ☑ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☐ ညံ့ ☐
၅	ရွာမဖွံ့ဖြိုးရခြင်း ပတ်ဝန်းကျင်ထိခိုက်မှု ပြဿနာများ ဖြေရှင်းရေး	၁☐ ၂☑ ၃☐				ပညာရေး ☐ ငွေကြေး ☑ ကျန်းမာရေး ☑ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☑ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☐ ညံ့ ☐
၆		၁☐ ၂☐ ၃☐				ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☐ ညံ့ ☐
၇		၁☐ ၂☐ ၃☐				ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☐ ညံ့ ☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

လေ့လာတွေ့ရှိချက်။ ။.....

.....

.....

.....

.....

.....

.....

Scanned by CamScanner

(က-၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

စဉ်	အမည်	အဖွဲ့အစည်း အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှ အစီအစဉ် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်)
၁		၁□ ၂□ ၃□ ၄□ ၅□ ၆□ ၇□	ပညာရေး □ ကွေကြေး □ ကျန်းမာရေး□ ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး □
၂		၁□ ၂□ ၃□ ၄□ ၅□ ၆□ ၇□	ပညာရေး □ ကွေကြေး □ ကျန်းမာရေး□ ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး □
၃		၁□ ၂□ ၃□ ၄□ ၅□ ၆□ ၇□	ပညာရေး □ ကွေကြေး □ ကျန်းမာရေး□ ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး □
၄		၁□ ၂□ ၃□ ၄□ ၅□ ၆□ ၇□	ပညာရေး □ ကွေကြေး □ ကျန်းမာရေး□ ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး □
၅		၁□ ၂□ ၃□ ၄□ ၅□ ၆□ ၇□	ပညာရေး □ ကွေကြေး □ ကျန်းမာရေး□ ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး □
၆		၁□ ၂□ ၃□ ၄□ ၅□ ၆□ ၇□	ပညာရေး □ ကွေကြေး □ ကျန်းမာရေး□ ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး □

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ) (ဥပမာ – ခမ္မစကူးလ် ဖောင်ဒေး Christian Aid Missions စသည်)

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ) (ဥပမာ – Care International, Save Children, Gret, Pact Myanmar စသည်)

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း

(၄) နိုင်ငံအများ၏ ရန်ပုံငွေဖြင့်ဆောင်ရွက်သော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ-ကုလသမဂ္ဂ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) နိုင်ငံတစ်ခု၏ ရန်ပုံငွေဖြင့် ဖွဲ့စည်းထားသော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ GIZ, UK USAid, စသည်)

(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)

(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

Scanned by CamScanner

နိုင်ငံတော်မှ ဒေသအကျိုး၊ ပြည်သူ့အကျိုးကို ထိရောက်စွာထမ်းဆောင်နိုင်စေရန်အလို့ငှာ ဥပဒေ၊ နည်းဥပဒေ၊ လမ်းညွှန်ချက်များဖြင့် ပြဋ္ဌာန်းကာ ဖွဲ့စည်းပေးထားနေသော အဖွဲ့အစည်း၊ အသင်းအဖွဲ့များ (ဥပမာ - သမဝါယမဦးစီးဌာန၏ သမဝါယမအသင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ မြစိမ်းရောင်စသည်) တို့ကို ဤဇယားတွင် ထည့်သွင်းဖော်ပြခြင်း မပြုပါရန်။

လေ့လာတွေ့ရှိချက်။ ။.....

.....

.....

.....

.....

.....

.....

.....

.....

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(ခ-၁) သီးနှံထုတ်လုပ်ရေး

(၁) နိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား (၁၃) ကျေးရွာ၏ နိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

စဉ်	မြေပိုင်ဆိုင်မှုအရွယ်အစား	အိမ်ထောင်စု အရေအတွက်	ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက်
၁	မြေယာမဲ့	၂၈	မြေမဲ့ယာမဲ့
၂	၂.၅ ဧကအောက်	၃၄	ဆင်းရဲသားတောင်သူ
၃	၂.၅ ဧကမှ ၅ ဧက ကြား	၄၂	တောင်သူငယ်
၄	၅ ဧကမှ ၁၂.၅ ဧက ကြား	၈၆ ၇၉	တောင်သူလတ်
၅	၁၂.၅ ဧက အထက်	၃	တောင်သူကြီး
ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း		၁၅၆	☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ ရွာကလေးမှာတော့ ဒီဇယားမဲ့ ၂၈ အိမ်ထောင်စုရှိတယ်။ ဆင်းရဲသားတောင်သူမှာ ၃၄ အိမ်ထောင်စုရှိသည်။ တောင်သူငယ်မှာ ၄၂ အိမ်ထောင်စု ဖြစ်ပြီး တောင်သူလတ်မှာ ၈၆ ၇၉ အိမ်ထောင်စုရှိတယ်။ ဒီ အိမ်ထောင်စုနဲ့ တောင်သူကြီး ၃ အိမ်ထောင်စုရှိကြောင်း တွေ့ရှိရပြီး အိမ်ထောင်စုရဲ့ စုစုပေါင်း ၁၅၆ အိမ်ရှိကြောင်း တွေ့ရှိရပါသည်။

.....

.....

.....

.....

.....

.....

Scanned by CamScanner

(၂) အစိုးရနှင့် ပုဂ္ဂလိက ရေအရင်းအမြစ်များမှ ရေသွင်းနိုင်သည့် ဧရိယာ

ဇယား (၁၄) ကျေးရွာ၏ ရေအရင်းအမြစ်နှင့် ရေသွင်းဧရိယာ

စဉ်	အရင်းအမြစ်	ရေသောက် (ဧက)	ရေရရှိနိုင်မှု	
			တစ်နှစ်ပတ်လုံး/ ရာသီအလိုက် (မှန်ရာ တစ်ခုကိုသာ ရွေးရန်)	လုံလောက်မှု (ရှိ/မရှိ) (မှန်ရာတစ်ခုကိုသာရွေးရန်
၁	ဆည်		တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☑	ရှိ☑ မရှိ☐
၂	ရေလွှဲဆည်		တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐	ရှိ☐ မရှိ☑
၃	မြစ်ရေတင်စီမံကိန်း		တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐	ရှိ☐ မရှိ☑
၄	ရေသွင်းမြောင်း		တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☑	ရှိ☐ မရှိ☑
၅	အဝီစိတွင်း		တစ်နှစ်ပတ်လုံး☑ ရာသီအလိုက်☐	ရှိ☑ မရှိ☐
၆	လက်ဝင်ရေတွင်း		တစ်နှစ်ပတ်လုံး☑ ရာသီအလိုက်☐	ရှိ☑ မရှိ☐
၇	စိမ့်စမ်းရေ		တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☑	ရှိ☐ မရှိ☑
၈	ချောင်းရေ		တစ်နှစ်ပတ်လုံး☑ ရာသီအလိုက်☐	ရှိ☑ မရှိ☐

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) ဆည်မြောင်းဦးစီးဌာန၊ စိုက်ပျိုးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ မြောက်ကျေးရွာတွင် ရေသွင်းဖြစ်သည့် မြစ်ဆိပ်စမ်းဖြစ်ပြီး ရာသီအလိုက် ရရှိပြီး လုံလောက်မှု မရှိသဖြင့် အဝီစိတွင်း၊ လက်ဝင်ရေတွင်း ဒေသခံများသည် စက်နှစ်ခဲတက်ကျပ်၊ ရာဂျိပြုလုပ်ရန် လိုအပ်မှုကို ဖော်ပြသည်။

(၃) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၁၅) အဓိကသီးနှံများနှင့် အထွက်နှုန်း

သီးနှံ	စုစုပေါင်းစိုက်ကေ	တစ်ဧက အထွက်နှုန်း				သီးနှံစိုက်ပျိုးသည့်ကာလ		သွင်းအားစုလိုအပ်ချက် (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အမြတ်ရရှိနိုင်မှု (မှန်ရာတစ်ခုသာ ရွေးရန်
		ယူနစ်	အနည်းဆုံး	အများဆုံး	ပျမ်းမျှ	မှ	ထိ		
စပါး	၁၀	တင်း	၄၀	၆၀	၅၀	၅	၇	မြင့်☐ လတ်☑ နိမ့်☐	မြင့်☐ လတ်☑ နိ
ပဲအမျိုးမျိုး	၁	တင်း	၁၀	၂၅	၁၅	၁၀	၃	မြင့်☐ လတ်☑ နိမ့်☐	မြင့်☐ လတ်☑ နိ
								မြင့်☐ လတ်☐ နိမ့်☐	မြင့်☐ လတ်☐ နိ
								မြင့်☐ လတ်☐ နိမ့်☐	မြင့်☐ လတ်☐ နိ

Scanned by CamScanner

သီးနှံ	စုစု ပေါင်း စိုက် စေ	တစ်ဧကေ အထွက်နှုန်း				သီးနှံ စိုက်ပျိုး သည့် ကာလ		သွင်းအား စု လိုအပ်ချက် (မှန်ရာတစ်ခုကို သာ ရွေးရန်)	အမြတ် ရရှိနိုင်မှု (မှန်ရာတစ်ခုကို သာ ရွေးရန်)
		ယူနှစ်	အနည်း ဆုံး	အများ ဆုံး	ပျမ်း မျှ	မှ	ထိ		
								မြင့်□ လတ်□ နိမ့်□	မြင့်□ လတ်□ နိမ့်□
								မြင့်□ လတ်□ နိမ့်□	မြင့်□ လတ်□ နိမ့်□
								မြင့်□ လတ်□ နိမ့်□	မြင့်□ လတ်□ နိမ့်□

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ဒေသကျွေးမွေးရေးရွာတွင်းအစိုးရကိုယ်စားလှယ်များနှင့် ဆွေးနွေးတိုင်ပင်မှု ရှိပါသလား? ရှိပါတယ်။ ဘာတွေဆွေးနွေးတိုင်ပင်ကြသလဲ? ဒေသခံပြဿနာတွေ ဖြေရှင်းဖို့ ဆွေးနွေးတိုင်ပင်ကြတယ်။ ဒေသခံပြဿနာတွေကို ဖြေရှင်းဖို့ ဆွေးနွေးတိုင်ပင်ကြတဲ့အခါ ဘယ်သူတွေ ပါဝင်ဆွေးနွေးကြသလဲ? ကျေးရွာအုပ်ချုပ်ရေးမှူး၊ ကျေးရွာလူကြီးများ၊ ကျေးရွာလယ်သမားကိုယ်စားလှယ်များ ပါဝင်ဆွေးနွေးကြပါတယ်။ ဒီအစည်းအဝေးတွေမှာ ဘာတွေဆွေးနွေးကြသလဲ? ဒေသခံပြဿနာတွေ ဖြေရှင်းဖို့ သွင်းအားစုရရှိမှုအခက်အခဲ၊ အမြတ်ရရှိမှုအခက်အခဲတွေ ဆွေးနွေးတိုင်ပင်ကြပါတယ်။

(၄) လယ်ယာသုံး စက်ကိရိယာများ

ဧယား (၁၆) ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု

စက်အမျိုးအစား	တစ်ဦးချင်း ပိုင်	ရွာပိုင်	အဖွဲ့ပိုင်	ငှားရမ်းလုပ်ကိုင်နေသော တောင်သူ အရေအတွက်
ထွန်စက်	၁၂			၄၅
လက်တွန်းထွန်စက်				
အစေ့ချ ကိရိယာ				
ရိတ်သိမ်းခြွေလှေစက်				
ရိတ်သိမ်းစက်				
ခြွေလှေစက်	၅			
ရေစုပ်စက်	၃၈			
ခြေနင်းရေတင်စက်				
မြက်ရိတ်စက်	၃၆			

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ဒေသကျွေးမွေးရေးရွာတွင် တစ်ဦးချင်းစီပိုင် ဖြစ်သော ထွန်စက် ၁၂ စီး ရှိကြပြီး ရိတ်သိမ်းခြွေလှေစက် ၅ လုံး၊ ရေစုပ်စက် ၃၈ လုံး၊ မြက်ရိတ်စက် ၃၆ လုံး ရှိကြပါတယ်။ ထို့အပြင် ရွာပိုင် ထွန်စက် ၁ စီး ရှိပါတယ်။ ဒီစက်ကိရိယာတွေကို ငှားရမ်းလုပ်ကိုင်နေသော တောင်သူအရေအတွက် ၄၅ ဦး ရှိပါတယ်။

Scanned by CamScanner

(၅) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

ဇယား (၁၇) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

အခွင့်အလမ်း	ဖော်ပြချက်/ရှင်းလင်းချက် (မှန်ရာတစ်ခုကိုသာ ရွေးရန်။ ဇယား ၁၇ နှင့် ၁၈ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။)
သဘာဝ ရေမြေရာသီဥတု အနေအထား	အလွန်ကောင်း☐ ကောင်း☐ သင့်တင့်မျှတ☑
လယ်ယာမြေ အသုံးချနိုင်မှု	အလွန်ကောင်း☐ ကောင်း☐ သင့်တင့်မျှတ☑
စိုက်ပျိုးရေ အရင်းအမြစ်	ပေါများ ☐ အသင့်အတင့်ရှိ☑
ချေးငွေနှင့် ငွေကြေးဝန်ဆောင်မှု	အလွယ်တကူရသည် ☐ ရသည် ☑
သီးနှံမျိုးစေ့ ရရှိနိုင်မှု	မျိုးကောင်းမျိုးသန့်များကို လွယ်ကူစွာ ဝယ်ယူနိုင်သည် ☐ သီးနှံမျိုးစေ့များ ဝယ်ယူရရှိနိုင်သည် ☑
သဘာဝဗေဒေးဆွေး / အော်ဂဲနစ် မြေဩဇာ နှင့် အခြား အော်ဂဲနစ် သွင်းအားစုများ	လွယ်ကူစွာဝယ်ယူ/ရနိုင်သည်☐ ဝယ်ယူရနိုင်သည် ☑
ဓာတုပိုးသတ်ဆေး၊ ဓာတ်မြေဩဇာနှင့် အခြား ဓာတုဗေဒ သွင်းအားစုများ	လွယ်ကူစွာဝယ်ယူ/ရနိုင်သည်☐ ဝယ်ယူရနိုင်သည် ☑
လုပ်သားရရှိနိုင်မှု	အလွယ်တကူ ရနိုင်သည်☐ ရနိုင်သည်☑
နည်းပညာဝန်ဆောင်မှုများ	အလွယ်တကူ ရနိုင်သည်☐ ရနိုင်သည်☑
သီးနှံစျေးကွက်နှင့် ကုန်သွယ်မှု	သီးနှံများကို လွယ်ကူစွာနှင့် စျေးနှုန်းမှန်ကန်စွာဖြင့် ရောင်းချနိုင်သည် ☐ သီးနှံများကို ရောင်းချနိုင်သည် ☑

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ်အစိုးရ

ဌာနများ။

လေ့လာတွေ့ရှိချက်။ ။ဇယားကွက်တွင် သဘာဝရေမြေ ရာသီဥတု အလယ် အထား၊ လယ်ယာမြေ အသုံးချနိုင်မှု၊ စိုက်ပျိုးရေ အရင်းအမြစ် များမှာ အသင့်အတင့်ရှိပြီး သီးနှံမျိုးစေ့ များ၊ သဘာဝမြေဆွေး အခြား ဓာတုဆေးဝါး များ၊ လုပ်သားရရှိမှု များ၊ နည်းပညာဝန်ဆောင်မှုများကို အလယ်အလတ် ရရှိနိုင်ပြီး ကျန်အချက်များကို ရရှိနိုင်ခဲသည်။ သို့သော် သီးနှံစျေးကွက် ကုန်သွယ်မှု နှင့် ပတ်သက်သော အချက်များကို ရရှိနိုင်ပါသည်။.....

(၆) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် အခက်အခဲများ

ဇယား (၁၈) သီးနှံတုတ်လုပ်မှုအတွက် ပြဿနာနှင့် အခက်အခဲများ

ပြဿနာနှင့် အခက်အခဲများ	ဖော်ပြချက်/ရှင်းလင်းချက် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။ ဇယား ၁၇ နှင့် ၁၈ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရ
သဘာဝ ရေမြေရာသီဥတု အနေအထား	မြေဆီဩဇာမကောင်း ☐ ရာသီဥတုမမှန် ☑
လယ်ယာမြေ အသုံးချနိုင်မှု	လယ်ယာမြေတိုးချဲ့နိုင်မှုမရှိပါ ☐ လယ်ယာမြေဆုံးရှုံးမှုများသည် ☐ လယ်ယာမြေဆုံးရှုံးမှု အသင့်အတင့်ရှိသည် ☐ ပဟပ်ဖြေများရှိသည် ☐ ပဟပ်ဖြေအသင့်အတင့်ရှိသည် ☑

Scanned by CamScanner

